မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council
PO Box 144 Mae Sod Post Office Tak Province 63110 Thailand Tel : Fax (66) (055) : 542 910 E-mail :
blcsan@ksc.th.com; Website : www. blc-burma.org

# ၂၀၀၉ခုနှစ် ပြစ်မှုကြီးမှု အမှတ် - ၄၇ အပေါ် ဥပဒေရေးရာသုံးသပ်ထုတ်ပြန်ချက်

**၁။ အမှုဖြစ်စဉ်အကျဉ်း**

လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံတော်အားနှောင့်ယှက်ဖျက်ဆီးလိုသူများ၏ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေ ပုဒ်မ- ၂၂ ဖြင့် အင်းစိန်ထောင်တွင်း အထူးတရားခုံရုံးဖြင့် စစ်ဆေးစီရင်ခဲ့ပြီး၊ ၂၀၀၉ ခုနှစ်၊ ဩဂုတ်လ (၁၁) ရက်နေ့တွင် ထောင်ဒဏ် (၃) နှစ်ပြစ်ဒဏ်ချမှတ်ခဲ့သည်။ ယင်းကို ဗိုလ်ချုပ်မှူးကြီး သန်းရွှေ က တရားရုံး၏အမိန့်အား ခုတုံးလုပ်၍ ဒေါ်အောင်ဆန်းစုကြည်အား (၁၈) လ ဆိုင်းငံ့ပြစ်ဒဏ်ချမှတ်ပြီး၊ နေအိမ်အကျယ်ချုပ်ကို စည်းကမ်းသတ်မှတ်ချက်များချမှတ်ချုပ်နှောင်လိုက်ခြင်းမှာ ပြည်တွင်းဥပဒေများအရလည်းကောင်း၊ နိုင်ငံတကာဥပဒေများအရလည်းကောင်း ကိုက်ညီမှုမရှိပါကြောင်း အောက်ပါအတိုင်း ဥပဒေရေးရာသုံးသပ်ထုတ်ပြန်အပ်ပါသည်။

**၂။ ဥပဒေရေးရာသုံးသပ်ချက်**

(က) နိုင်ငံတော်အားနှောင့်ယှက်ဖျက်ဆီးလိုသူများ၏ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေသည် ၁၉၇၄ ခုနှစ် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁၁) ပုဒ်မ-၁၆၇ အရ ပြဌာန်းထားခြင်းဖြစ်ပြီး၊ ယင်းဥပဒေအရ ရွေးကောက်ခံရသည့်ဝန်ကြီးအဖွဲ့ကသာလျှင် တရားစွဲဆိုနိုင်ခြင်းကြောင့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအစိုးရသည် ယင်းဥပဒေနှင့်အညီ တရားစွဲဆိုရန် ဥပဒေအရ အရည်အချင်းပြည့်မီသော အစိုးရမဟုတ်ကြောင်း ထင်ရှားသည်။

(ခ) ယခုအမှုတရားစွဲဆိုရသောအကြောင်းတရားသည် ၂၀၀၃ ခုနှစ် ဒီပဲယင်းလုပ်ကြံမှုနှင့်အတူ နေအိမ်အကျယ်ချုပ်ချမှတ်ခံရသောကာလတွင် ဖြစ်ပေါ်လာခြင်းကြောင့် နိုင်ငံရေးအရ သက်သေခံချက်များ တင်သွင်းနိုင်မည့် သက်သေများဖြစ်ကြသော ဦးတင်ဦး နှင့် ဦးဝင်းတင် တို့အား တရားရုံးချုပ်မှ သက်သေခံခွင့်ငြင်းပယ်လိုက်ခြင်းသည် ဥပဒေအရ မှားယွင်းလျက်ရှိကြောင်း ထင်ရှားသည်။

(ဂ) တရားစွဲဆိုသည့်ဥပဒေ ပုဒ်မ-၁၁ တွင် အရေးယူခြင်းခံရသူသည် မည်သည့်နေရာတွင် မနေထိုင်ရဟု သတ်မှတ်ခြင်း၊ မည်သည့်နေရာဒေသတွင်သာ နေထိုင်ရမည်ဟု သတ်မှတ်ခြင်း၊ သွားလာမှုကို လိုအပ်သလို တားဆီးခြင်း စသည့် ကန့်သတ်ပိတ်ပင်မှုများသာ ပြုလုပ်နိုင်ခြင်းကြောင့်၊ နိုင်ငံခြားသားတစ်ဦး နေအိမ်အတွင်း ဝင်ရောက်ခြင်းနှင့်၊ အစားအစာကျွေးမွေးခြင်း၊ လက်ခံစကားပြောခြင်းတို့မှာ တရားစွဲဆိုနိုင်လောက်သည့် အချက်အလက်များနှင့် ပြည့်စုံခြင်းမရှိကြောင်း ထင်ရှားသည်။

(ဃ) မစ္စတာ ဂျွန်ဝီလျံယက်တော ပထမအကြိမ် ဝင်ရောက်စဉ်က လုံခြုံရေးအစောင့်ရဲနှင့်တွေ့ဆုံမေးမြန်းခံရခြင်း၊ ဒေါ်အောင်ဆန်းစုကြည်သည် ဒေါက်တာတင်မျိုးဝင်းမှတဆင့် လုံခြုံရေးတာဝန်ရှိသူများကို အကြောင်းကြားခဲ့သော်လည်း ထိုကိစ္စကို ထိရောက်သောစုံစမ်းစစ်ဆေးမှုများ မပြုလုပ်သဖြင့် ယခုလို ထပ်မံဝင်ရောက်နိုင်ခြင်းဖြစ်သဖြင့် ရဲများ၏ တာဝန်ပျက်ကွက်မှုအရ ပေါ်ပေါက်လာသောအမှုဖြစ်၍ အမှုမစွဲတင်မီကပင် ပျက်ပြယ်နေသောအမှုဖြစ်သည်။

(င) တရားရုံးတော်မှ ချမှတ်လိုက်သည့်အမိန့်ကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မှ လျော့ပေါ့၍ ဆိုင်းငံ့ပြစ်ဒဏ်ဖြင့် နေအိမ်အကျယ်ချုပ်ထားရှိလိုက်ခြင်းမှာ တရားစီရင်ရေးလွတ်လပ်မှုမရှိခြင်းကို ပြသလိုက်ခြင်းဖြစ်သည့်အပြင် တရားစီရင်ရေး လုပ်ထုံးလုပ်နည်းအရ အထက်တရားရုံးများသို့ အယူခံခွင့်၊ ပြင်ဆင်ခွင့် တက်ရောက်နိုင်ခြင်းတို့ကို ကန့်သတ်တားဆီးပိတ်ပင်လိုက်ခြင်းဖြစ်ပေသည်။

(စ) ပြည်သူ့ရှေ့မှောက် တရားစီရင်ရေးကို ငြင်းပယ်ခြင်းမှာလည်း၊ နိုင်ငံတကာလူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၁၁(၁) နှင့် အများပြည်သူနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ် အပိုဒ်-၁၄(၁) တို့ကို ဖောက်ဖျက်ကျူးလွန်လိုက်ခြင်းဖြစ်ကြောင်း ထင်ရှားသည်။

(ဆ) သို့ဖြစ်ပါသောကြောင့် မြန်မာနိုင်ငံတွင် လွတ်လပ်သောတရားစီရင်ရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ဒီမိုကရေစီနှင့်လူ့အခွင့်အရေးများထွန်းကားရေးတို့အတွက် န.အ.ဖ စစ်အစိုးရအား ပြည်တွင်းပြည်ပရှိ မြန်မာနိုင်ငံသားများအနေဖြင့်လည်းကောင်း၊ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာမိသားစုအသိုင်းအဝိုင်းမှလည်းကောင်း ဘက်ပေါင်းစုံမှ ဝိုင်းဝန်း ဖိအားပေးဆောင်ရွက်ကြပါရန် ထုတ်ပြန်ကြေညာအပ်ပါသည်။

ဥပဒေရေးရာသုံးသပ်ရေးဌာန
မြန်မာနိုင်ငံရှေ့နေများကောင်စီ

ရက်စွဲ- ၁၁.၈.၂၀၀၉

အသေးစိတ်သိရှိလိုပါလျှင်-
- ဦးမျိုး(တာဝန်ခံ) ဥပဒေရေးရာသုံးသပ်ရေးဌာန၊
- ဖုန်း- ၀၈၆၂၁၆၀၁၀၈